

# လှူပြီးသား ပြန်မတောင်းမိပါစေနဲ့

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်မြတ်များဘုရား ဘုန်းကြီးကိုဖြစ်စေ ဘုန်းကြီးကျောင်းကိုဖြစ်စေ လှူဒါန်းပြီးနောက် အဲဒီ ဘုန်းကြီးနှင့် မတည့်သောအခါ သို့မဟုတ် ဘုန်းကြီးကျောင်း ဂေါပက အဖွဲ့ဝင်များ ကွဲသောအခါ မိမိလှူထားသည့် အလှူငွေ၊ ပိဋကတ် စာအုပ် စာပေ၊ ဘုရားဆင်းတုနှင့်တကွ ကြေးစည်ပါမကျန် ပြန်တောင်းသော လူအချို့ (အထူးသဖြင့် အမျိုးသမီးများ)ကို တွေ့ကြုံဘူးပါသည်။ တပည့်တော်အနေဖြင့် ဘဝင်မကျတာတော့ အမှန်ပါ။ လှူပြီးပစ္စည်းကို ပြန်တောင်းလျှင် ငရဲကြီးပါသလား။ မည်သို့သော အပြစ် ဖြစ်နိုင်ပါသနည်း။ သနားသောအားဖြင့် ဖြေကြားပေးပါဘုရား။

မောင်မောင်လေး

---

## ဖိုးအေးနဲ့ ပေါက်ကျော်

လှူပြီးမှ ပြန်တောင်းတယ်ဆိုတာနဲ့ ပတ်သက်ပြီး ဆက်စပ် တွေးမိရင်း ငယ်စဉ်က ရွာဦးကျောင်းမှာ ကြုံခဲ့ရတာလေးကို ပြောပြချင်တယ်။ ဖိုးအေးက ကိုရင်၊ အသက် ၁၃ နှစ်လောက်ရှိပြီ။ ရွာမှာက လူနာမည်ကိုပဲ ခေါ်ကြတာ။ သူက ဆေးတံသောက်တယ်။ ကိုယ့်ဟာကိုယ် လုပ်တဲ့ လက်မသာသာလောက်ရှိတဲ့ ဝါးမြစ်ဆေးတံနဲ့ပေါ့။ သူ့အစ်မ နှစ်ယောက်က အလိုလိုက်တော့ သူက ဆေးရွက်ကြီးမှုန့် မရှားဘူး။

ပေါက်ကျော်က ညီအစ်ကို သုံးယောက်ထဲက အလယ်ကောင်။ ဒီကောင်လည်း ဖိုးအေးနဲ့ပေါင်းလို့ ဆေးတံချိုး။ ဒါပေမယ့် သူ့အိမ်က ဆေးရွက်မှုန့် တောင်းမရလို့ ဖိုးအေးဆီက ကပ်ပြီး သောက်ရတယ်။ နေ့ဆွမ်း စားပြီးတိုင်း စာမအံခင် ဖိုးအေးက ဝါးမြစ်ဆေးတံကလေး ခဲပြီး ကျောင်းအောက်မှာ မှိန်းနေတုန်း ပေါက်ကျော်ရဲ့ 'ငါ ဖွာပါရစေအုံး ဖိုးအေးရယ်'လို့ တစီစီတောင်းသံ၊ ဂရုမစိုက်ဘဲ နေတဲ့ ဖိုးအေးက ကုန်ခါနီးကျမှ 'ရော့'လို့ မာဆတ်ဆတ်နဲ့ ပေးသံကို ကြားရမြဲ။ ပြီးတော့ တစ်ခုခု အလိုမကျရင် ဖိုးအေးက 'မင်း ငါ့ဆေးတံကို သောက်တာ ပြန်ပေး' ဆိုတာနဲ့ ပေါက်ကျော်ကို အနိုင်ယူမြဲပေါ့။

တစ်နေ့ ပေါက်ကျော်ရဲ့ အမေ ဘုန်းကြီးကျောင်းကို ကောက်ညှင်းပေါင်း လာလှူတယ်။ ကိုရင် ဖိုးအေးက ကောက်ညှင်းပေါင်း သိပ်ကြိုက်တယ်၊ စားတာပေါ့။ ဒါကို ပေါက်ကျော်က မှတ်ထားတယ်။ နောက်တစ်ခါ ဖိုးအေးက ဆေးတံကို ပြန်တောင်းတော့ လေသံမာမာနဲ့ ပေါက်ကျော် ပြန်ပြောပုံက 'ကိုရင် ငါ့အမေလှူတဲ့ ကောက်ညှင်းပေါင်း စားတာ၊ အခု ပြန်အန်ထုတ်'တဲ့။ (ဖိုးအေးဆိုတာ ယခု နာဂစ်ဒေသ တစ်နေရာမှာ ကျောင်းထိုင်နေတဲ့ ဘုန်းကြီးနဲ့ တစ်ရွာတည်းသား ဆရာတော် ဦးကုဏ္ဍလ ဖြစ်နေပါပြီ)။

## ကလေးစိတ်မျိုးနဲ့ မလှူဒါန်းရ

ဖိုးအေးနဲ့ ပေါက်ကျော်ဆိုတာ ဘာမှ ကြားမြင်သုတ မရှိသေးတဲ့ တောက လူမမယ် ကလေးတွေပါ။ အလှူဒါန ပြုတယ်ဆိုတာက ဖိုးအေး ပေါက်ကျော် အဆင့်လောက်နဲ့ မလုပ်သင့်ဘူး။ လှူပြီးသားကို ပြန်တောင်းတယ် ဆိုတာကိုက မင်္ဂလာမရှိပါဘူး။ ကလေးဘဝတုန်းက သင်ခဲ့ရတာက 'သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေ'လို့ မဟုတ်ပါလား။ အလှူပေးရာမှာ စေတနာ သုံးမျိုးပြည့်စုံမှ အကျိုးပေး ပြည့်စုံတယ်။ အဲဒီသုံးမျိုးက –

၁။ ပုဗ္ဗစေတနာ = မလှူခင်ကပင် ကိုယ်လှူမှာကို စဉ်းစားပြီး စိတ်ထဲက ရွှင်လန်း တက်ကြွနေရမယ်။

၂။ မုဥ္စစေတနာ = လှူဆဲအချိန်မှာ ကိုယ်လုပ်နေတာနဲ့ ပတ်သက်ပြီး စိတ်ထဲက အားရဝမ်းသာ ဖြစ်နေရမယ်။

၃။ အပရစေတနာ = လှူပြီးနောက်မှာ လှူဒါန်းခဲ့တာကို စဉ်းစားပြီး တစိမ့်စိမ့် ကြည်နူး နှစ်သက်နေရမယ်။

www.kelasa.org

www.kelasa.org

အဲဒီအင်္ဂါသုံးရပ် ပြည့်စုံမှ အလှူရဲ့ အကျိုးပေး ပြည့်စုံကြောင်း ဆင့္ဂင်္ဂါနသုတ် (အံ ၂၊ ၂၉၆)မှာ မြတ်ဗုဒ္ဓ ညွှန်ပြခဲ့တယ်။ မဟာဓမ္မပါလဇာတ်(ဇာ ၁၊ ၂၁၄)အရ အဲဒီ အင်္ဂါသုံးရပ်နဲ့ ပြည့်စုံပြီး အလှူဒါနပြုရင် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေနိုင်ဘူး၊ သက်တမ်းပြည့်အောင် နေရတယ်။

## ပြန်တောင်းရင် ငရဲကြီးပါသလား

ဗုဒ္ဓလက်ထက်က သာဝတ္ထိမြို့မှာ အလွန်ချမ်းသာတဲ့ သူဌေးတစ်ယောက် ရှိတယ်။ အဲဒီသူဌေးက ချမ်းသာပေမယ့် သူ့ပစ္စည်းတွေကို ကိုယ်တိုင်လည်း သူဌေးဆိုတဲ့ ဂုဏ်နဲ့ လိုက်အောင် ထိုက်ထိုက်တန်တန် မသုံးဘူး။ အဝတ်ဟောင်းတွေကိုပဲ ဝတ်ပြီး ဆင်းရဲသားလိုပဲ နေထိုင် စားသောက်တယ်။ ရှေ့ထီးဆောင်းနိုင်ပေမယ့် သစ်ရွက်ထီးဆောင်းတဲ့ လူမျိုး။ သူတစ်ပါးကိုလည်း ကူညီထောက်ပံ့ခြင်း လှူဒါန်း ပေးကမ်းခြင်း မပြု။ ဒီ သူဌေးဟာ တစ်သက်လုံး တစ်ခါမှ ကောင်းကောင်းမွန်မွန် စားသောက် ဝတ်ရုံခြင်း မရှိခဲ့ဘူးတဲ့။ သေတော့ ရောရုဝငရဲကို ရောက်တယ်။ အမွေ ဆက်ခံမယ့်သူလည်း မရှိတော့ သူ့ပစ္စည်းတွေကို ကောသလ ဘုရင်က ပြည်သူပိုင် သိမ်းသွားတာပေါ့။

ဒါနဲ့ပတ်သက်ပြီး ကောသလမင်း မေးလျှောက်လို့ ဗုဒ္ဓမြတ်စွာက အတိတ်က သူ့လုပ်ခဲ့တာကို ဟောကြားတော်မူတယ် –

သူက အတိတ်ဘဝတစ်ခုမှာ ဗာရာဏသီမြို့က ကပ်စေးနဲ ကော်တရာ သူဌေးဖြစ်ခဲ့တယ်။ ဘုရင့်နန်းကို အသွားမှာ တဂရသိခီလို့ ခေါ်တဲ့ ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွနေတာကို မြင်တော့ 'ဆွမ်း ရခဲ့ပါရဲ့လား'လို့ လျှောက်တဲ့အတွက် 'ဆွမ်း ခံနေတုန်းပါပဲ'လို့ အရှင်မြတ်က မိန့်တဲ့အခါ ဆွမ်းလှူလိုစိတ် ပေါက်လာပြီး အစေ အပါး တစ်ယောက်ကို 'အိမ်ကို သွားချေ၊ ငါထိုင်တဲ့ နေရာမှာ ဟောဒီ ပစ္စေက ဗုဒ္ဓါကို နေရာပေးပြီး ငါ့ဖို့ ပြင်ထားတဲ့ အစားအစာတွေကို လှူဒါန်းချေ'လို့ ခိုင်းလိုက် တယ်။ နန်း တော်ကအပြန် လမ်းမှာ ပစ္စေကဗုဒ္ဓါကို တွေ့ပြန်တော့ 'ဆွမ်း ရခဲ့ပါရဲ့ လား'လို့ မေးပြန်တယ်။ 'ရခဲ့ပါပြီ'လို့ အရှင်မြတ်က ပြန်ကြားတုန်း သူဌေးဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ထဲမှာ ပါလာတဲ့ သူ့အိမ်က လှူလိုက်တဲ့ ဆွမ်းကို ကြည့်ပြီး သဒ္ဓါတရား မတိုးပွားနိုင်တဲ့အပြင် 'ဒီလို ကောင်းတဲ့ အစားအစာတွေကို အိမ်က အစေအပါးတွေကို ကျွေးလိုက်ရင် သူတို့တွေ ငါခိုင်းတဲ့ အလုပ်ကို ကောင်း ကောင်း လုပ်ပေးကြမှာပဲ၊ ခုတော့ ဆုံးပါပြီ'လို့ တွေးပြီး နှမြောဝန်တိုစိတ် ဖြစ် တယ်။ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူဖူးတဲ့ ကုသိုလ်ကြောင့် သာဝတ္ထိမြို့မှာ သူဌေး ဖြစ် လာပေမယ့် နောက်ပိုင်းစေတနာ ပျက်ကွက်ခဲ့လို့ စည်းစိမ်ကို ကောင်းစွာ မခံစား နိုင်ကြောင်း မြတ်ဗုဒ္ဓ ဟောတော်မူတယ်။ (ဇာ–ဋ္ဌ ၃၊ ၂၈၀)။ သူဌေးဟာ ပြန် တောင်းတဲ့ထိ မလုပ်ခဲ့ဘူး။ စိတ်ကွက်ရုံပဲ ဖြစ်ခဲ့တာ။

## ဝမ်းသာနိုင်အောင် ကြိုးစားပါ

ဘုန်းကြီးကျောင်းတစ်ခုမှာ ပြဿနာဖြစ်တော့ ဒေါ်လာတစ်သောင်းကျော်နဲ့ လှူထား တဲ့ ဘုရားကို ဂေါပကဆီက ပြန်တောင်းပြီး သူကြည်ညိုတဲ့ ဆရာတော်ကို ပြန် လှူဖို့ ဘုရားဒကာက လျှောက်တယ်။ ဒီတော့ ဆရာတော်က ဒကာကြီးအနေနဲ့ လှူ ပြီးသား ဘုရားနဲ့ပတ်သက်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်အောင် ကြိုးစားပါ။ ဒကာကြီးရဲ့ ဘုရားကို အဲဒီ ဘုန်းကြီးကျောင်းကို သွားသူတိုင်း ဘယ်သူမဆို ကြည်ညိုနိုင်ရင် သူတို့ ကုသိုလ်ရသလို သူတို့ဝေတဲ့ ကိုသိုလ်အမျှကိုလည်း ဒကာ ကြီး ရနေမှာ ဖြစ်လို့ ဆရာတော်ကို မလှူပေမယ့် ဒကာကြီးမှာ ကုသိုလ် ရမြဲပါပဲ။

အခုဖြစ်တဲ့ ဘုန်းကြီးကျောင်း ပြဿနာကို ဒကာကြီးရဲ့ အလှူဒါနနဲ့ ခွဲခြား ထားလိုက်ပါလို့ နှစ်သိမ့်ခဲ့ဖူးပါတယ်။ စာအုပ်ကလေး တစ်အုပ်၊ ကြေးစည်ကလေး တစ်လုံးလောက်တော့ အချိန်မရွေး ပြန်လှူနိုင်ပါတယ်။ ကိုယ်လှူတဲ့ ဘုန်းကြီး လူထွက်သွားရင်တောင် တစ်ခြားဘုန်းကြီးက ဆက်လက် အသုံးပြုမှာ ဖြစ်လို့ အလှူရှင်ဖြစ်တဲ့ ကိုယ်က ကုသိုလ်ရနေဦးမှာပါ။

## ဖိုးအေးတို့အတွက် လက်ဆောင်

ဒါနဟူသည် ပြုအံ့ရည်သော်
မလည်မသုန် သဒ္ဓါဟုန်ဖြင့်
မတုန်မလှုပ် ထိန်းအုပ်မိစွ
မတွန့်စေနှင့်။ (မဃဒေဝ၊ ပိုဒ် ၂၈၅)။ ❐



www.kelasa.org